မြန်မာကုန်သွယ်မှုမြှင့်တင်ရေးအဖွဲ့

နေ့စဉ်ဈေးကွက်သတင်းလွှာ

June , 15 , 2026 Volume 103 , Number 11


၁၅.၆.၂၀၂၆

| | |
|---|---|
| ကမ္ဘာ့ရွှေဈေး | = N/A |
| မြန်မာ့ရွှေဈေး | = N/A |
| ဒေါ်လာဈေး | = N/A |
| CBM Rate | = ၂၁၀၀ ကျပ် |
| ယူရိုတစ်ယူရို | = ၂၄၃၇.၅၈ ကျပ် |
| စင်္ကာပူတစ်ဒေါ်လာ | = ၁၆၃၈.၃၉ ကျပ် |
| စတာလင်ပေါင်တစ်ပေါင် | = ၂၈၂၁.၆၇ ကျပ် |
| ဩစတြေးလျတစ်ဒေါ်လာ | = ၁၄၈၄.၈၁ကျပ် |
| တရုတ်ယွမ် (တစ်ယွမ်) | = ၃၀၀.၇၈ ကျပ် |
| အိန္ဒိယရူပီး (တစ်ရူပီး) | = ၂၂.၁၉ ကျပ် |
| ကိုရီးယားဝမ်တစ်ရာ | = ၁၃၈.၆၂ ကျပ် |
| မလေးရှားရင်းဂစ် | = ၈၂၅၂ကျပ် |
| ထိုင်းဘတ်တစ်ဘတ် | = ၆၄.၄၀ ကျပ် |

## ဆူပါမားကတ်နှင့်စတိုးဆိုင်များတွင် ပြည်တွင်းထုတ်လုပ်သုံးကုန်များနေရာရနေ



နိုင်ငံခြားလူသုံးကုန်ပစ္စည်းများတင်သွင်းရန် လတ်တလောကြုံတွေ့နေရသည့် အခက်အခဲများနှင့် ကုန်ဈေးနှုန်း မြင့်တက်မှုများကြောင့် ဆူပါမားကတ်နှင့်စတိုးဆိုင်ကြီးများရှိ လူသုံးကုန်ဈေးကွက်အတွင်း နိုင်ငံခြားလူသုံးကုန်များအစား ယခင်က ဈေးကွက်မတွင်ကျယ်ခဲ့သည့် ပြည်တွင်းထုတ်ကုန်များနေရာယူလာနေပြီဖြစ်ကြောင်း ဈေးကွက်အတွင်းမှသိရသည်။

ယခင်က ပြည်တွင်းဆူပါမားကတ် စင်ပေါ်များတွင် ထိုင်း၊ တရုတ်နှင့် ဗီယက်နမ်နိုင်ငံ ထုတ်လုပ်သုံးကုန်ပစ္စည်းများက ရာခိုင်နှုန်း ၇၀ ကျော်အထိ နေရာယူထားခဲ့သော်လည်း၊ လက်ရှိ ၂၀၂၆ ခုနှစ်အတွင်း၌ သယ်ယူပို့ဆောင်ရေးစရိတ် မြင့်မားလာခြင်း၊ နယ်စပ်ကုန်သွယ်ရေးလမ်းကြောင်း ကြန့်ကြာခြင်းနှင့် ငွေလဲနှုန်းမတည်ငြိမ်ခြင်းတို့ကြောင့် ပြည်ပသွင်းကုန်အချို့ ပြတ်လပ်မှုများနှင့် ကြုံတွေ့နေရသည်။

ပတ်ဝန်းကျင် အခြေအနေများကြောင့်ပင် ကုန်စုံစတိုးဆိုင်ကြီးများသည် ပစ္စည်းပုံမှန်ပံ့ပိုးပေးနိုင်ပြီး အရည်အသွေးကောင်းမွန်လာသည့် ပြည်တွင်းထုတ် အိမ်သုံးသန့်ရှင်းရေး၊ တစ်ကိုယ်ရေ သန့်ရှင်းရေးနှင့် စားသောက်ကုန်ပစ္စည်းများကို ဦးစားပေးနေရာချထားလာကြောင်းသိရသည်။

"အခုက ပြည်ပနက သွင်းကုန်လိုင်စင်ရဖို့ ကြန့်ကြာတာရယ်၊ သယ်ယူပို့ဆောင်ရေးလမ်းကြောင်း အခက်အခဲကြောင့် မှာလိုက်တဲ့ ကုန်ပစ္စည်းက အချိန်မှန် ရောက်မလာတာရယ်ပါပဲ၊ အဲဒီလိုမှာရတာ အဆင်မပြေတဲ့အပြင် ဒေါ်လာဈေးကြောင့် ပြည်ပကကုန်ပစ္စည်းတွေက ဈေးနှုန်းနှစ်ဆနီးပါးတက်သွားတယ်၊ စားသုံးသူတွေဘက်ကလည်း ဒီလောက် ဈေးကြီးတာကို မဝယ်နိုင်တော့ဘူးလေ၊ ဒါကြောင့် အခုနောက်ပိုင်း ဆိုင်စင်ပေါ်တွေမှာ နေရာ ၆၀ ရာခိုင်နှုန်းကျော်ကို ပြည်တွင်းထုတ် တံဆိပ်တွေကိုပဲ အစားထိုး

## CONTACT US


ကုန်သွယ်မှုသတင်းအချက်အလက်နှင့် သုတသနဌာနခွဲ

ဖုန်း ၀၁-၃၇၁၂၀၄
၀၁-၃၇၆၄၁၆
၀၁-၃၇၆၄၉၀
ဖက်စ် ၀၁-၃၇၆၄၁၆

http://www.myantrade.gov.mm

နေရာပေးထားရပါတယ်"ဟု ဆူပါမားကတ်တစ်ခုမှ မန်နေဂျာတစ်ဦးကဆိုသည်။

ယခုနောက်ပိုင်း ပြည်တွင်းဖြစ် လူသုံးကုန်ထုတ်လုပ်မှုကဏ္ဍသည် ယခင်ကထက် ၃၅ ရာခိုင်နှုန်းခန့် တိုးတက်လာပြီး ထုပ်ပိုးမှု (Packaging) နှင့် အရည်အသွေးပိုင်းတွင် နိုင်ငံတကာ စံချိန်စံညွှန်းမီအောင် ယှဉ်ပြိုင်လာနိုင်သော်လည်း ဈေးကွက်ထဲ တွင် စားသုံးသူ၏ဝယ်လိုအားမှာ ထင်သလောက်တက်မလာဘဲ ဈေးကွက်အတွင်း အရောင်းအေးနေကြောင်းသိရသည်။

"စတိုးဆိုင်တွေရဲ့ ရှေ့တန်းစင်တွေမှာ ပြည်တွင်းဖြစ်တွေနေရာယူလာနိုင်တာက ကောင်းတဲ့အလားအလာပါ။ ဒါပေမဲ့ ရောင်းအားတက်မလာရတဲ့ အဓိကအချက်ကတော့ စားသုံးသူတွေရဲ့စိတ်ထဲမှာ ပြည်တွင်းဖြစ်အပေါ် ယုံကြည်မှု (Brand Trust) တည်ဆောက်ဖို့လိုနေသေးတာကြောင့်ပါ။ နေရာရလာရုံနဲ့မလုံလောက်သေးဘဲ မြေပြင်မှာဝယ်လိုအား (Consumer Demand) ပါလိုက်ပါလာဖို့ဆိုရင် အရည်အသွေးပိုင်း တစ်သမတ်တည်းရှိအောင်ထိန်းဖို့နဲ့ စနစ်တကျ မတ်ကတ်တင်း (Marketing) ဆင်းဖို့လိုအပ်နေပါသေးတယ်"ဟု စီးပွားရေးလုပ်ငန်းရှင်တစ်ဦးကဆိုသည်။

စီးပွားရေးအကဲခတ်သူများကမူ ယခုကဲ့သို့ ပြည်ပ သွင်းကုန်အခက်အခဲများသည် ပြည်တွင်း အသေးစား၊ အလတ်စား စီးပွားရေးလုပ်ငန်းများအတွက် အဓိကဈေးကွက်နေရာရရှိစေမည့် အခွင့်အလမ်းကောင်းဖြစ်လာပြီး၊ ရေရှည်တွင် ပြည်တွင်းထုတ်ကုန်များအပေါ် စားသုံးသူများ၏ ယုံကြည်မှုပိုမိုခိုင်မာလာစေရန်အရည်အသွေးကို စဉ်ဆက်မပြတ်ထိန်းသိမ်းထားရန် လိုအပ်ကြောင်း အကြံပြုထားကြသည်။

Source : https://www.npnewsmm.com/

## ဒီဇယ်၊ ဓာတ်မြေသြဇာနှင့် LNG တင်သွင်းမှုအပေါ် အခွန်ကင်းလွတ်ခွင့် တစ်လထပ်တိုးပေး



ဒီဇယ်ဆီ၊ ဓာတ်မြေသြဇာနဲ့ သဘာဝဓာတ်ငွေ့ရည် (LNG) တင်သွင်းမှုအပေါ် ဇွန်လကုန်အထိအခွန်ကင်းလွတ်ခွင့်တိုးမြှင့်ခွင့်ပြုလိုက်ကြောင်း ဘဏ္ဍာရေးနှင့်အခွန်ဝန်ကြီးဌာနက ထုတ်ပြန်ကြေညာပါတယ်။

အရှေ့အလယ်ပိုင်းဒေသ ပဋိပက္ခတွေကြောင့် စက်သုံးဆီဈေးနှုန်းတွေ မြင့်တက်နေလို့ ဒီဇယ်ဆီ HSD(500 ppm) တင်သွင်းမှုအပေါ် ကောက်ခံတဲ့ အကောက်ခွန်၊ အထူးကုန်စည်ခွန်၊ ကုန်သွယ်လုပ်ငန်းခွန်နဲ့ ကြိုတင်ဝင်ငွေခွန် ၂ ရာခိုင်နှုန်း တို့ကို ဧပြီလ ၁ ရက်မှ မေလ ၃၁ ရက်အထိ ကင်းလွတ်ခွင့်ပြုခြင်းကနေ ဇွန်လ ၃၀ ရက်အထိ ထပ်မံတိုးမြှင့် ခွင့်ပြုပေးသွားမှာပါ။

ဒီဇယ်ဆီအသုံးပြုမောင်းနှင်ရတဲ့ မော်တော်ယာဉ်တွေနဲ့ သယ်ဆောင်အသုံးပြုလျက်ရှိတဲ့ အခြေခံစားသောက်ကုန်၊ ကုန်စည်ဈေးနှုန်းတွေကို ထိန်းညှိပေးဖို့ လိုအပ်လျက်ရှိတာကြောင့်လို့ ဘဏ္ဍာ/အခွန်က ဆိုပါတယ်။

ဓာတ်မြေသြဇာအပေါ် အခွန်ကင်းလွတ်ခွင့်ပြုခြင်းကိုတော့ စိုက်ပျိုးရေးကဏ္ဍစဉ်ဆက်မပြတ် ဖွံ့ဖြိုးတိုးတက်နိုင်စေဖို့နဲ့ တောင်သူလယ်သမားတွေရဲ့ ကုန်ထုတ်လုပ်မှုစရိတ်တွေ လျှော့ကျစေနိုင်ဖို့အတွက် ကြိုတင်ဝင်ငွေခွန် ၂ ရာခိုင်နှုန်းကို ဇွန်လကုန်အထိ တိုးမြှင့်ခွင့်ပြုပေးထားပါတယ်။

ဒါ့ပြင် သဘာဝဓာတ်ငွေ့ရည်(LNG)ဈေးနှုန်းတွေကလည်း အရှေ့အလယ်ပိုင်းဒေသ ပဋိပက္ခတွေကြောင့် မြင့်တက်လျက်ရှိရာ လျှပ်စစ်ဓာတ်အားထုတ်လုပ်မှုကို အားပေးမြှင့်တင်နိုင်ဖို့နဲ့ ဓာတ်အားခဈေးနှုန်းတွေ သက်သာစေနိုင်ဖို့အတွက် အကောက်ခွန်၊ ကုန်သွယ်လုပ်ငန်းခွန်နဲ့ ကြိုတင်ဝင်ငွေခွန်တို့ကို ဇွန်လကုန်အထိ တိုးမြှင့်ပေးထားပါတယ်။

ဒါ့ကြောင့် ဒီဇယ်ဆီ၊ ဓာတ်မြေသြဇာနဲ့သဘာဝဓာတ်ငွေ့ရည် (LNG) တင်သွင်းမှုအပေါ်အခွန်ကင်းလွတ်ခွင့်က အကောက်ခွန်ဦးစီးဌာနမှ Import Declaration ID ဖွင့်လှစ်ပြီး တင်သွင်းတဲ့အပေါ်မှာပဲ အကျုံးဝင်မယ်လို့ သိထားရပါတယ်။

**Source : BETV Business**

## စွန့်ပစ်အသီးအနှံများ အသုံးပြု၍ သဘာဝမြေဩဇာထုတ်လုပ်နေ



ရန်ကုန်တိုင်းဒေသကြီး၊ လှိုင်မြို့နယ်ရှိ သီရိမင်္ဂလာဈေးမှနေ့စဉ်စွန့်ပစ်သည့် ဟင်းသီးဟင်းရွက်နှင့် သီးနှံမျိုးစုံစွန့်ပစ်အမှိုက်များကို စိုက်ပျိုးရေးတွင်ပြန်လည် အသုံးပြုနိုင်သည့် အီးအမ်ဘိုကာချီ သဘာဝမြေဩဇာအဖြစ် ထုတ်လုပ်နေကြောင်း သိရသည်။

ထို့ပြင် စိုက်ပျိုးရေးလုပ်ငန်းရှင်များထံ ဖြန့်ဖြူးရောင်းချပေးနေကြောင်း သိရသည်။

သီရိမင်္ဂလာဈေးသည် ရန်ကုန်မြို့အပါအဝင်ဒေသအသီးသီးသို့ သီးနှံထွက်ကုန်များ လက်လီ၊လက်ကားဖြန့်ဖြူးပေးရာနေရာ ဖြစ်သည့်အတွက် ဈေးမှနေ့စဉ်စွန့်ပစ်အမှိုက် တန် ၈၀ မှ တန် ၁၀၀ အတွင်း ထွက်ရှိနေခြင်းလည်း ဖြစ်သည်။

အဆိုပါစွန့်ပစ်အမှိုက်များကို ဈေးအတွင်း၌ခြံဝင်းခတ်၍ အီးအမ်ဘိုကာချီ သဘာဝမြေဩဇာအဖြစ် ထုတ်လုပ်လျက်ရှိရာ စွန့်ပစ်အမှိုက်များအား သဘာဝမြေဩဇာအဖြစ် ပြန်လည်သုံးစွဲမှုကြောင့် ဈေးမှလှိုင်သာယာမြို့နယ် ထိန်ပင်အမှိုက်ပုံသို့ စွန့်ပစ်အမှိုက်ပို့ဆောင်မှုသည်လည်းထက်ဝက်နီးပါးလျော့ကျသွားကြောင်းမရမ်းကုန်းခရိုင်ဈေးများနှင့်ကုန်စည်ပွဲရုံများဌာနမှသိရသည်။

**Source : Popular News Journal**

## စားဖိုဆောင်သီးနှံ ရုံးပတီသီးစိုက်ပျိုးခြင်းဖြင့် မိသားစုဝင်ငွေရရှိနိုင်



စစ်ကိုင်းတိုင်းဒေသကြီး၊ကန့်ဘလူမြို့နယ်အတွင်းရှိဒေသခံ တောင်သူများသည် မိသားစုရေတိုဝင်ငွေရရှိစေရန်အတွက် ဈေးကွက်ခိုင်မာပြီး နေ့စဉ်ဝင်ငွေရရှိသည့် စားဖိုဆောင်သီးနှံတစ်မျိုးဖြစ်သော ရုံးပတီသီးကို စီးပွားဖြစ်တိုးချဲ့စိုက်ပျိုးကြရာ အောင်မြင်ဖြစ်ထွန်းမှုရှိပြီး မိသားစုအပို ဝင်ငွေရရှိကာ အဆင်ပြေလျက်ရှိကြောင်း သိရသည်။

ရုံးပတီသီးစိုက်ပျိုးရာတွင် စိုက်ပျိုးစရိတ်သက်သာခြင်း၊ ဂရုစိုက်ရလွယ်ကူခြင်းနှင့် ရာသီမရွေးစိုက်ပျိုးနိုင်ခြင်းတို့ကြောင့် ဒေသခံတောင်သူများအကြား ရေပန်းစားသော သီးနှံတစ်မျိုးဖြစ်သည်။ ရုံးပတီသီးကို ပုံမှန်အားဖြင့် တန်းကြား ၂ ပေခွဲ၊ ပင်ကြား ၁ ပေခွဲခန့် ထားရှိစိုက်ပျိုးကြပြီး စိုက်ပျိုးမှုစနစ်အပေါ်မူတည်၍ တစ်ဧကလျှင် ပျမ်းမျှအပင်အရေအတွက် ၈၀,၀၀၀ မှ ၁၀၀,၀၀၀ ဝန်းကျင်အထိ စိုက်ပျိုးနိုင်ကြောင်း၊ မျိုးစေ့ဖိုး၊ မြေပြင်ခ၊ သဘာဝမြေဩဇာနှင့် သွင်းအားစု၊ လုပ်သားခအပါအဝင် တစ်ဧကလျှင် စုစုပေါင်းကုန်ကျစရိတ်ကျပ် ၅ သိန်းမှ ၇ သိန်းဝန်းကျင်ခန့် ကုန်ကျသဖြင့် အခြားသီးနှံများနှင့်နှိုင်းယှဉ်ပါက စိုက်ပျိုးစရိတ်သက်သာသော သီးနှံဖြစ်ကြောင်း သိရသည်။

ရုံးပတီသီးသည် စိုက်ပျိုးပြီး ရက်ပေါင်း ၄၅ ရက်မှ ၅၀ အကြာတွင် စတင်ဆွတ်ခူးနိုင်ပြီး နှစ်ရက်ခြားတစ်ကြိမ် ပုံမှန် ဆွတ်ခူး ရောင်းချရသည်၊ ပြုစုပျိုးထောင်မှုကောင်းမွန်ပါက တစ်ဧကလျှင် ပိဿာချိန် ၁၅၀၀ မှ ၂၀၀၀ ကျော်ထိ ထွက်ရှိနိုင်ကြောင်း၊ တောင်သူများအနေဖြင့် တစ်ဧကလျှင် အသားတင်အကျိုးအမြတ် ကျပ် ၇ သိန်းမှ ၁၀ သိန်းဝန်းကျင်အထိ ရရှိနိုင်ကြောင်း သိရသည်။

"ရုံးပတီသီးက အရင်းအနှီးနည်းနည်းနဲ့ စိုက်လို့ရတဲ့အပြင် စောစောလည်း ဆွတ်ခူးရောင်းချရတယ်၊ နှစ်ရက်တစ်ခါ နေ့တိုင်းလိုလို ပိုက်ဆံဝင်နေတော့ မိသားစုစားဝတ်နေရေးအတွက် တကယ့်ကို အထောက်အကူပြုတဲ့ သီးနှံပါပဲ" ဟု ကန့်ဘလူမြို့နယ်မှ ရုံးပတီသီးစိုက်ပျိုးသူ တောင်သူတစ်ဦးထံမှ သိရသည်။

**Source : DOCA(**စစ်ကိုင်း)

## ဖီးကြမ်းငှက်ပျောစိုက်ပျိုးမှုနှင့်ဈေးနှုန်းဈေးကွက်



မန္တလေးတိုင်းဒေသကြီး၊ ကျောက်ဆည်ခရိုင်သည် အညာဒေသ လယ်တွင်းကိုးခရိုင်တွင် တစ်ခုအပါအဝင်ဖြစ်ပြီး စိုက်ပျိုးရေးကို အခြေခံ၍ စပါး၊ ပဲမျိုးစုံ၊ ဆီထွက်သီးနှံမျိုးစုံ၊ ငရုတ်၊သရက်နှင့် ငှက်ပျောစသည့်သီးနှံများအားရာသီအလိုက်စိုက်ပျိုးလျက်ရှိသည်။

၄င်းသီးနှံများအနက် ငှက်ပျောသီးနှံအား တစ်နိုင်တစ်ပိုင်စိုက်ပျိုးရာမှ စီးပွားဖြစ် စိုက်ပျိုးလာကြသည်။

၂၀၂၅-၂၀၂၆ ဘဏ္ဍာနှစ်တွင် ငှက်ပျောစိုက်ဧက ကျောက်ဆည်မြို့နယ်တွင် ၁၂၈၂ ဧက ၊ စဉ့်ကိုင်မြို့နယ်တွင် ၇၅၀ ဧက ၊ မြစ်သားမြို့နယ်တွင် ၁၀၈၁ ဧက၊ စုစုပေါင်း ၃၁၁၃ ဧက စိုက်ပျိုးထားရှိပြီး ဧကအားလုံးရိတ်သိမ်းပြီးစီးပြီဖြစ်ကြောင်း သက်ဆိုင်ရာဌာန၏ စာရင်းများအရ သိရသည် ။

ငှက်ပျောကို ရာသီမရွေး စိုက်ပျိုးနိုင်ကြောင်း ၊ ငှက်ပျောစိုက်ပျိုးရာတွင် ၁ ဧကလျှင် အပင် ၈၀၀ စိုက်ပျိုးရကြောင်း ၊ တစ်ပင်နှင့်တစ်ပင် ၈ ပေခြားကာစိုက်ပျိုးရပြီး ၉-၁၀ လအကြာတွင် ငှက်ပျောဖူးများစတင်ထွက်ရှိ၍ ငှက်ပျောဖူးထွက်ပြီး ၃ လကြာလျှင် ရောင်းတန်းဝင် ငှက်ပျောခိုင်များရရှိလာသည်။

ကျောက်ဆည်ဒေသ၌ အများအားဖြင့် ဖီးကြမ်းငှက်ပျောမျိုးများကို အဓိကထားစိုက်ပျိုးကြသည်။

၁ ဧက စိုက်ပျိုးမှု ကုန်ကျစရိတ်အနေဖြင့် ပျိုးပင်၊သွင်းအားစု၊ လုပ်သားခအပါအဝင် စုစုပေါင်း ၂၀ သိန်းကျပ် ဝန်းကျင် ခန့် ကုန်ကျကြောင်း သိရသည် ။

ငှက်ပျောခြံများမှ ငှက်ပျောအခိုင် ၄၀ ပါ လှည်းတစ်စီးလျှင် ၄၅၀,၀၀၀ ကျပ် ဈေးနှုန်းများဖြင့် အရောင်းအဝယ်ဖြစ်နေကြောင်း၊ ငှက်ပျောသီးဖီးကြမ်း တစ်ဖီးဈေးနှုန်းမှာ လက်ရင်း ၂၅၀၀ ကျပ်၊ လက်ဖျား ၂၀၀၀ ကျပ်ဈေးနှုန်းများဖြင့်ရောင်းဝယ်လျက်ရှိကြောင်း၊ ၁ ဧကအကျိုးအမြတ်အနေဖြင့် သိန်း ၇၀ ဝန်းကျင်ခန့်မြတ်ကြောင်း၊ ကျောက်ဆည်မြို့နယ်ရှိ ငှက်ပျောပွဲစားများသည် ငှက်ပျောခြံအထိ လာရောက်ဝယ်ယူကြကြောင်း၊ ဈေးကွက် အနေဖြင့် ရန်ကုန်၊ မန္တလေး၊ ပဲခူးမြို့များသို့ တင်ပို့ရောင်းချကြောင်း၊ ကျောက်ဆည်မြို့နယ်ရှိ ငှက်ပျောပွဲစားများသည် ရွှေသိမ်တော်ဘုရားရှိ ကန်တော့ပွဲရောင်းချသည့်ဆိုင်များသို့လည်း ရောင်းချလျက်ရှိကြောင်း၊ ရွှေသိမ်တော်ဘုရားသည် ဆုတောင်းပြည့်စေတီဖြစ်၍ အနယ်နယ်အရပ်ရပ်မှ ဘုရားဖူးများ စဉ်ဆက်မပြတ်လာရောက်ကြပြီး ကန်တော့ပွဲထိုး၍ ဆုတောင်းအဓိဋ္ဌာန်များပြုလုပ်မှု နေ့စဉ်များပြားပြီး အခါကြီးရက်ကောင်းရက်မြတ်များတွင် ပိုမိုများပြားသဖြင့် ငှက်ပျောသီး ရောင်းအားအလွန်ကောင်းမွန်လျက်ရှိကြောင်း၊ ငှက်ပျောစိုက်တောင်သူများအနေဖြင့် ဖီးကြမ်းငှက်ပျောများ စိုက်ပျိုးရာတွင် အကျိုးအမြတ်များရရှိပြီး တွက်ခြေကိုက်သဖြင့် စီးပွားဖြစ်စိုက်ပျိုးလာကြကြောင်း၊ ငှက်ပျောပင် စိုက်ပျိုးရာတွင် ၁ နှစ်နီးပါးအချိန်ကြာကြာစောင့်ရသော်လည်း စိုက်ပျိုးပြီးစီး၍ ရောင်းတန်းဝင်အပင်များဖြစ်လာပါက ငှက်ပျောခိုင်၊ ငှက်ပျောအရွက်၊ငှက်ပျောပင်ပေါက်ကလေးများပါရောင်းချရသည့်အတွက် တစ်ပင်လုံးအသုံးဝင်သောကြောင့် ဖီးကြမ်းငှက်ပျောမျိုးများကို စိုက်ပျိုးသင့်ကြောင်း သိရသည်။

**Source : DOCA(မန္တလေး)**

## စင်ကာပူနိုင်ငံသည် အရှေ့အာဖရိကနိုင်ငံ ၈ နိုင်ငံနှင့် လွတ်လပ်သော ကုန်သွယ်မှုဆိုင်ရာ သဘောတူညီချက် လက်မှတ်ရေးထိုးရန် ညှိနှိုင်းမည်ဖြစ်

စင်ကာပူနိုင်ငံသည် အာဖရိက၏ ပထမဆုံးသောမိတ်ဖက်အဖြစ် အရှေ့အာဖရိကနိုင်ငံ ၈ နိုင်ငံဖြစ်သော တန်ဇန်းနီးယားနိုင်ငံ၊ ဘူရန်ဒီနိုင်ငံ၊ ကွန်ဂိုနိုင်ငံ၊ ကင်ညာနိုင်ငံ၊ ရဝမ်ဒါနိုင်ငံ၊ ဆိုမားလီးယားနိုင်ငံ၊ တောင်ဆူဒန်နိုင်ငံ၊ ယူဂန်ဒါနိုင်ငံတို့နှင့် လွတ်လပ်

သော ကုန်သွယ်မှုဆိုင်ရာ သဘောတူညီချက်လက်မှတ်ရေးထိုးရန်ညှိနှိုင်းမည်ဖြစ်သည်။

စင်ကာပူနိုင်ငံသမ္မတ Tharman Shanmugaratnam က ယခုသဘောတူညီချက်သည် အရှေ့အာဖရိကအသိုက်အဝန်း(East African Community-EAC)နှင့် စင်ကာပူနိုင်ငံအကြား ကုန်သွယ်မှုကိုတိုးမြှင့်ရန်နှင့် နယ်ပယ်အသစ်များ၌ ပိုမိုပူးပေါင်းဆောင်ရွက်နိုင်ရန်ရည်ရွယ်ကြောင်း၊ လက်ရှိပထဝီနိုင်ငံရေးတင်းမာမှုများကို ဖြေလျှော့နိုင်ရန် အရွေ့တစ်ခုဖြစ်ကြောင်း၊ နှစ်နိုင်ငံအကြား ကုန်စည်နှင့် ဝန်ဆောင်မှုများဈေးကွက်ရရှိရေးကို အထောက်အပံ့ဖြစ်စေနိုင်ကြောင်း ပြောကြားခဲ့သည်။

ထို့ပြင် စင်ကာပူနိုင်ငံ သည် အရှေ့အာဖရိကရှိ ပို့ကုန်လုပ်ငန်းရှင်များအတွက် အာဆီယံဈေးကွက်သို့ဝင်ရောက်နိုင်မည့် တံခါးပေါက် ဖြစ်ပြီး ဒီဂျစ်တယ်စီးပွားရေးကဲ့သို့နယ်ပယ်အသစ်များ ဖွံ့ဖြိုးလာစေရန်လမ်းသစ်ဖြစ်ကြောင်း ပြောကြားခဲ့သည်။

တန်ဇန်းနီးယားနိုင်ငံ သမ္မတ Samia Suluhu Hassan က တန်ဇန်နီးယားနိုင်ငံ၌ စင်ကာပူသံရုံးလာရောက်ဖွင့်လှစ်ရန် ဖိတ်ခေါ်ပါကြောင်း၊ စင်ကာပူနိုင်ငံနှင့် အရှေ့အာဖရိကနိုင်ငံများအကြား ပူးပေါင်းဆောင်ရွက်မှုကို ကြိုဆိုပါကြောင်း၊ နှစ်နိုင်ငံ ကုန်သွယ်ရေးကို ယခုထက်ပိုမို တိုးမြှင့်ဆောင်ရွက်လိုပါကြောင်းပြောကြားခဲ့သည်။

သမ္မတ Tharman ၏ တရားဝင်ခရီးစဉ်သွားသည် စင်ကာပူသမ္မတတစ်ဦးအနေဖြင့် အရှေ့အာဖရိကနိုင်ငံသို့ ပထမဆုံးသွားရောက်သည့် ခရီးစဉ်ဖြစ်၍ နှစ်နိုင်ငံအကြား သံတမန်ဆက်ဆံရေးထူထောင်မှု ၄၅ နှစ်ပြည့်မြောက်သည့် အချိန်ကာလနှင့်လည်း တိုက်ဆိုင်သည့်အတွက် လက်တွေ့ကျသောပူးပေါင်းဆောင်ရွက်မှုများ အရှိန်အဟုန်ဖြင့် ဆက်လက်ဆောင်ရွက်နိုင်မည့် အလားအလာဖြစ်ကြောင်း၊ ခရီးစဉ်အတွင်း သဘောတူညီချက်များလက်မှတ်ရေးထိုးနိုင်ခဲ့ပြီး ကုန်သွယ်ရေး၊ကာဗွန်လျှော့ချရေးနှင့် ကျွမ်းကျင်မှုဆိုင်ရာအဆင့်မြှင့်တင်ခြင်းစသည့်နယ်ပယ်များတွင် ပိုမိုနီးကပ်စွာပူးပေါင်းဆောင်ရွက်သွားမည်ဖြစ်ကြောင်း၊ နယ်စပ်ဖြတ်ကျော်စီးပွားရေး လုပ်ငန်းများအတွက် အခွန်နှစ်ထပ်မဖြစ်စေရေး သဘောတူစာချုပ်ကိုလက်မှတ်ရေးထိုးခဲ့ပြီး ရင်းနှီးမြှုပ်နှံမှုနှင့် ကုန်သွယ်ရေးဆိုင်ရာ အခက်အခဲများကို လျှော့ချပေးနိုင်မည်ဖြစ်ကြောင်းဖော်ပြပါရှိသည်။

ကာဗွန်လျော့ချရေးနှင့်စပ်လျဉ်းသည့် သဘောတူညီချက်အရ နှစ်နိုင်ငံအကြားသတင်းအချက်အလက်များမျှဝေနိုင်ခြင်း၊ ကာဗွန်လျော့ချရေးဆိုင်ရာ မူဘောင်နှင့်စီမံချက်များပြင်ဆင်ရေးဆွဲခြင်းတို့အတွက် ပူးပေါင်းဆောင်ရွက်သွားမည်ဖြစ်ကြောင်း၊ ကျန်းမာရေးကဏ္ဍတွင်လည်း တန်ဇန်နီးယားနိုင်ငံ၌ မွေးကင်းစကလေး ၁၁,၀၀၀ ခန့် နှစ်စဉ်ခံစားနေရသည့် Sickle Cell Disease ကို ကုသနိုင်ရေးအတွက် Muhimbili University of Health and Allied Sciences နှင့် ပူးပေါင်းဆောင်ရွက်မည့် အစီအစဉ်များပါဝင်ကြောင်း ဖော်ပြပါရှိသည်။

အာဖရိကဒေသသည် ၂၀၂၉ ခုနှစ်တွင် ကမ္ဘာ့ဒုတိယအဖွံ့ဖြိုးဆုံးဒေသဖြစ်လာစေရန်ရည်မှန်းထားပြီး စင်ကာပူနိုင်ငံနှင့်ချုပ်ဆိုသော သဘောတူညီချက်များသည် အဆိုပါရည်မှန်းချက်ကို အတူတကွပူးပေါင်းအကောင်အထည်ဖော်နိုင်ရေး အထောက်အကူ ဖြစ်လာစေနိုင်ကြောင်း သမ္မတ Tharman က ထပ်မံပြောကြားခဲ့သည်။

**Source : The Business Times သတင်းစာ**

**(ဧသေန္နီ၊ စီးပွားရေးသံမှူး၊ စင်ကာပူမြို့)**

## ဂျပန်နိုင်ငံသည် ငှက်ပျောသီးပြတ်လပ်နိုင်မည့်အလားအလာများနှင့် ရင်ဆိုင်နေရ

အရှေ့အလယ်ပိုင်းဒေသတွင်ဆက်လက်ဖြစ်ပွားလျက်ရှိသည့်ပဋိပက္ခ၏အကျိုးဆက်အနေဖြင့် ဂျပန်နိုင်ငံသည် ငှက်ပျောသီးပြတ်လပ်လာနိုင်ဖွယ်ရှိကြောင်း The Japan Times သတင်းဌာန၏ အွန်လိုင်း သတင်းတွင် "Japan faces banana shortage as impact from Middle East conflict spreads" ဟူသောခေါင်းစဉ်ဖြင့် ဖော်ပြခဲ့သည်။

အဆိုပါသတင်းတွင် အရှေ့အလယ်ပိုင်းဒေသတွင် ပဋိပက္ခဆက်လက်ဖြစ်ပွားလျက်ရှိသည့်အတွက် ရေနံစိမ်းလိုအပ်ချက်၏ ၉၀ ရာခိုင်နှုန်းကျော်ကို ပြည်ပမှတင်သွင်းနေရသော ဂျပန်နိုင်ငံသည် ရေနံစိမ်းမှ ထုတ်လုပ်ရသည့် ဓာတုပစ္စည်းတစ်မျိုးဖြစ်သည့် နက်ဖ်သာ(Naphtha) ဝယ်ယူရရှိရန် မသေချာမှုများဖြစ်ပေါ်လျက်ရှိကြောင်း၊ ဂျပန်နိုင်ငံ၏ အဓိကကျသည့် အခြေခံ စားသောက်

ကုန်တစ်ခုဖြစ်သည့် ငှက်ပျောသီးများကို ပြည်ပမှ အစိမ်းလိုက်တင်သွင်း၍ နက်ဖ်သာမှ ထုတ်လုပ်ရသည့် Ethylene ဓာတ်ငွေ့ များဖြည့်ထားသည့် အခန်းများထဲတွင် မှည့်အောင်ပြုလုပ်ပြီးမှသာဈေးကွက်အတွင်းသို့ ဖြန့်ချိခြင်းဖြစ်ရာဟော်မုဇ်ရေလက်ကြား ပိတ်ဆို့မှုကြောင့်ကမ္ဘာ့ရေနံထောက်ပံ့မှုကွင်းဆက်၏ ငါးပုံတစ်ပုံခန့်ပြတ်တောက်နေပြီးယခုနှစ်အတွင်း နက်ဖ်သာလက်ကျန် ပမာဏသည် ၂၅ ရာခိုင်နှုန်းခန့် ကျဆင်းသွားသည့်အတွက် နှစ်ပေါင်းငါးဆယ်တာကာလအတွင်း အဆိုးရွားဆုံး ဖြစ်သည်ဟု ဂျပန်နိုင်ငံ ငှက်ပျောသီးတင်သွင်းသူများအသင်း၏ တာဝန်ရှိသူက ပြောကြားခဲ့ကြောင်း ဖော်ပြထားသည်။

အီသလင်းဓာတ်ငွေ့အပြင် နက်ဖ်သာ(Naphtha)ပြတ်တောက်မှုဒဏ်ကို အခြားသော လုပ်ငန်းကဏ္ဍများတွင်လည်း ခံစားနေရကြောင်း၊ မုန့်ထုတ်လုပ်ရေးကုမ္ပဏီတစ်ခုဖြစ်သည့် Calbee သည် နက်ဖ်သာမှထုတ်ယူရရှိသည့် စေးကပ်သောဓာတ်(resins) ကိုအသုံးပြုထားသည့် ပုံနှိပ်မှင်ထောက်ပံ့မှုလျော့နည်းလာခြင်းကြောင့် အာလူးကြော်နှင့်အခြား ထုတ်ကုန်များ၏ ထုပ်ပိုးမှုပုံစံကို အဖြူအမည်းရောင်သို့ ပြောင်းလဲခဲ့ရကြောင်း၊ ထိုသို့ပြတ်တောက်မှုများကြောင့် ဂျပန်နိုင်ငံရှိ သစ်သီးမှည့်အောင်ပြုလုပ်သည့် ကုမ္ပဏီများသည် အီသလင်းဓာတ်ငွေ့ရရှိနိုင်မည့် အခြားနည်းလမ်းများကို အပူတပြင်းရှာဖွေလျက်ရှိကြောင်း၊ ရေနံဓာတုဗေဒ အရင်းအမြစ်များအစား ပြောင်းဖူးနှင့် အခြားကုန်ကြမ်းများမှတစ်ဆင့် ထိုဓာတ်ငွေ့ကိုထုတ်လုပ်ပေးသည့် စက်ကိရိယာများ ထုတ်လုပ်သော ဗာဂျီးနီးယားအခြေစိုက် Catalytic Generators ကုမ္ပဏီသည် ဓာတ်ငွေ့ရရှိလိုသည့် ဂျပန်စီးပွားရေးလုပ်ငန်း များထံသို့ ဓာတ်ငွေ့ထုတ်စက်(generators)များကို စတင်တင်ပို့၍ ဂျပန်နိုင်ငံအတွင်း ဖြန့်ချိရောင်းချမည့်သူကို ရှာဖွေလျက် ရှိကြောင်း ဖော်ပြထားသည်။

ခုတ်ယူထားသော ငှက်ပျောသီးများသည် အီသလင်းဓာတ်ငွေ့မပေးပါက ပျော့ပြောင်းလာခြင်း သို့မဟုတ် ချိုမြိန်လာခြင်း မရှိဘဲ နောက်ဆုံးတွင် ပုပ်သိုးသွားကြောင်း၊ ထောပတ်သီးနှင့် ကီဝီသီးများကိုလည်း အီသလင်းဖြင့် မှည့်အောင်ပြုလုပ်ရ သော်လည်းငှင်းတို့မှာ ထိုဓာတ်ငွေ့ပမာဏအနည်းငယ်သာလိုအပ်ကြောင်း၊ အီသလင်းဓာတ်ငွေ့လက်ကျန်ပမာဏလျော့နည်း လာသည့်အတွက် ပြည်တွင်းနှင့်ပြည်ပမှ ဓာတ်ငွေ့ရောင်းချပေးနိုင်မည့် ကုမ္ပဏီသစ်များကို ရှာဖွေနေကြောင်း၊ သို့ဖြစ်ရာ ဆက်စပ် ကုန်ကျစရိတ်အချို့မှာ ၁၀ ဆနီးပါးအထိ မြင့်တက်သွားခဲ့ကြောင်း၊ ယခုအခြေအနေသည် ဆက်လက်တည်ရှိနေမည် ဆိုပါက ဂျပန်နိုင်ငံ၏ထမင်းဝိုင်းများတွင်ငှက်ပျောသီးပျောက်ကွယ်သွားနိုင်သည်ဟု ဂျပန်နိုင်ငံသို့တင်သွင်းသော ငှက်ပျောသီးပြုပြင် ထုတ်လုပ်မှုလုပ်ငန်းစဉ်၏ ၃၀ ရာခိုင်နှုန်းခန့်ကို ကိုင်တွယ်ဆောင်ရွက်နေသည့် Farmind ကုမ္ပဏီကပြောကြားခဲ့ကြောင်း ဖော်ပြ ထားသည်။

ဂျပန်နိုင်ငံသည် ၂၀၂၅ ခုနှစ်အတွင်း ငှက်ပျောသီး မက်ထရစ်တန်ချိန် ၁ သန်းခန့် ဝယ်ယူတင်သွင်းခဲ့ရကြောင်း၊ လက်ရှိအချိန် အထိ အရောင်းဆိုင်များထံသို့ ငှက်ပျောသီးများ ဆက်လက်ရောက်ရှိနေဆဲဖြစ်ကြောင်း၊ အချို့သောတင်သွင်းသူများသည် အီသလင်းဓာတ်ငွေ့ ၂ လမှ ၃ လခန့်အထိသုံးစွဲနိုင်မည့် ပမာဏတင်သွင်းထားသည်ဟုအာမခံသော်လည်း စွမ်းအင်၊ ထုပ်ပိုးမှုနှင့် သယ်ယူပို့ဆောင်ရေးကဲ့သို့သော ရေနံဓာတုဗေဒနှင့်ဆက်စပ်သည့်ကုန်ကျစရိတ်များမြင့်မားခြင်းကြောင့် လက်လီရောင်းချသူများ အနေဖြင့် ဈေးနှုန်းတိုးမြှင့်ရောင်းချရမည်ဖြစ်ကြောင်း၊ ဈေးနှုန်းများမြင့်တက်လာနိုင်သော်လည်း ငှက်ပျောသီးဝယ်ယူရရှိမှုမပြတ် တောက်စေရေးအတွက် ဆက်လက်လုပ်ဆောင်သွားမည်ဖြစ်ကြောင်း ဖော်ပြထားသည်။

ဂျပန်အိမ်ထောင်စုတစ်စုသည် ၂၀၂၅ ခုနှစ်တွင် အဝါရောင်သစ်သီးများအတွက် ပျမ်းမျှ ယန်း ၅၂၀၀(အမေရိကန်ဒေါ်လာ၃၃) ခန့်သုံးစွဲခဲ့ကြောင်း၊ တိုကျိုမြို့တွင် အခြေခံစားသောက်ကုန်များ၏ လက်လီဈေးနှုန်းများသည် ၂၀၂၅ ခုနှစ်တွင် ၄ ဒသမ ၄ ရာခိုင်နှုန်းမြင့်တက်ခဲ့သည့်အတွက် ၂၀၂၂ ခုနှစ်ကထက် ၃၀ ရာခိုင်နှုန်းကျော်မြင့်တက်လာခဲ့ကြောင်း၊ ဂျပန်နိုင်ငံသည် ပြည်တွင်း၌ ရေနံအရင်းအမြစ်ရှားပါးပြီး ရေကြောင်းသယ်ယူပို့ဆောင်ရေးအနှောင့်အယှက်များကို ကြားခံခုခံပေးနိုင်မည့် နိုင်ငံတကာ ပိုက်လိုင်းများသို့ချိတ်ဆက်ဆောင်ရွက်နိုင်မှုမရှိသည့်အတွက်ထိခိုက်လွယ်သည့်အခြေအနေတွင်ရှိနေကြောင်း၊ ဟော်မုဇ်ရေလက် ကြား ပိတ်ဆို့မှုသည် ဂျပန်ကဲ့သို့သော ရေနံဓာတုဗေဒထောက်ပံ့ရေးကွင်းဆက်တစ်ခုလုံးကို အဓိကမှီခိုနေရသည့် ကျွန်းနိုင်ငံ သည် အဝေးတွင်ဖြစ်ပွားသည့် ပထဝီနိုင်ငံရေးပဋိပက္ခကို နေ့စဉ်လူနေမှုဘဝတွင် အခြေခံစားသောက်ကုန်များအတွက် ချက်ချင်း

လက်ငင်းကြုံတွေ့ရသည့် အကျပ်အတည်းတစ်ခုဖြစ်လာစေခဲ့ကြောင်း၊ ဂျပန်အစိုးရသည် ထုတ်လုပ်သူများနှင့် စားသုံးသူများ စိတ်အေးစေရန် ကြိုးပမ်းလျက်ရှိပြီး ဝန်ကြီးချုပ်ဆာနာအဲ တာကာအီချီက နိုင်ငံအတွင်း၌ လာမည့်နှစ်အထိ ပြည်တွင်းဝယ်လိုအားကို ဖြည့်ဆည်းပေးနိုင်မည့် နက်ဖ်သာထောက်ပံ့မှု အလုံအလောက်ရှိသည်ဟု ပြောကြားခဲ့ကြောင်း ဖော်ပြထားသည်။

**Source: https://www.japantimes.co.jp/business/2026/06/02/economy/banana-shortage/**

**(ရွှေစင်ဦး၊ စီးပွားရေးသံမှူး၊ တိုကျိုမြို့)**

## STOCK EXCHANGE (15.6.2026)

YANGON STOCK EXCHANGE

Search...

Home | About YSX | Main Board (MB) | Pre Listing Board (PLB)

Home > Main Board > Market Data > Stock trading data

### Stock trading data

As of 15th Jun. 2026

**Total Trading** [Continuous trading + Block trading]

| Trading Volume | Trading Value |
|---|---|
| 15,565 (Shares) | 94,511,300 (MMK) |

**Stock trading**

| Name | Code | Close | Change | % Change | Open | High | Low | Trading volume | Trading value (MMK) | No. of listed shares | Market Cap. (mil MMK) |
|---|---|---|---|---|---|---|---|---|---|---|---|
| FMI | 00001 | 18,000 | -1,000 | -5.26% | 18,500 | 18,500 | 18,000 | 343 | 6,212,000 | 33,109,694 | 595,975 |
| MTSH | 00002 | 9,200 | -600 | -6.12% | 9,200 | 9,300 | 9,200 | 4,392 | 40,726,400 | 38,929,150 | 358,148 |
| MCB | 00003 | 16,000 | +0 | +0.00% | 16,000 | 16,000 | 16,000 | 10 | 160,000 | 10,400,986 | 166,416 |
| FPB | 00004 | 7,700 | -400 | -4.94% | 8,000 | 8,000 | 7,700 | 1,680 | 13,317,500 | 31,144,738 | 239,815 |
| TMH | 00005 | 3,300 | -300 | -8.33% | 3,500 | 3,500 | 3,100 | 57 | 187,500 | 12,823,224 | 42,317 |
| EFR | 00006 | 2,000 | -100 | -4.76% | 2,000 | 2,000 | 2,000 | 5,436 | 10,872,000 | 19,977,223 | 39,955 |
| AMATA | 00007 | 4,100 | +0 | +0.00% | 4,100 | 4,100 | 4,100 | 15 | 61,500 | 10,497,598 | 43,040 |
| MAEX | 00008 | 6,200 | -500 | -7.46% | 6,600 | 6,600 | 6,200 | 3,632 | 22,974,400 | 23,804,946 | 147,591 |

YANGON STOCK EXCHANGE

Search...

Home | About YSX | Main Board (MB) | Pre Listing Board (PLB)

Home > Main Board > Market Data > Market summary

### Market summary

As of 15th Jun. 2026

**Today's summary**

| Index name | Close | Change | % Change | Open | High | Low | Trading volume (shares) | Trading value (MMK) | No. of listed companies | Market Cap. (mil MMK) |
|---|---|---|---|---|---|---|---|---|---|---|
| MYANPIX | 861.03 | -45.69 | -5.04% | 881.05 | 881.05 | 861.03 | 15,565 | 94,511,300 | 8 | 1,633,257 |

**Index chart**



# Market Overview

## Grand Total Trading [Total trading (MB) + Total trading (PLB)]

As of 1:00 pm, 15th Jun. 2026

| Trading Volume | Trading Value |
|---|---|
| 16,634 (Shares) | 145,611,900 (MMK) |

## Main Board

As of 1:00 pm, 15th Jun. 2026

### Total Trading (MB) [Continuous trading + Block trading]

| Trading Volume | Trading Value |
|---|---|
| 15,565 (Shares) | 94,511,300 (MMK) |

| MYANPIX | 861.03 ▼ 45.69 |
|---|---|
| Total Volume (shares) | 15,565 |
| Total Value (MMK) | 95 mil |
| Listed Company | 8 |
| Market Cap. (MMK) | 1,633,257 mil |

| Name | Code | Price | Change |
|---|---|---|---|
| FMI | 00001 | 18,000 | ▼ 1,000 |
| MTSH | 00002 | 9,200 | ▼ 600 |
| MCB | 00003 | 16,000 | ▲ 0 |
| FPB | 00004 | 7,700 | ▼ 400 |
| TMH | 00005 | 3,300 | ▼ 300 |
| EFR | 00006 | 2,000 | ▼ 100 |
| AMATA | 00007 | 4,100 | ▲ 0 |
| MAEX | 00008 | 6,200 | ▼ 500 |

TIR

TIR